ပေးထားတဲ့ကတိတွေ တည်နိုင်စေ

သတင်းရင်းမြစ် >
သောကြာနေ့၊ ဩဂုတ်လ ၁၆ ရက် ၂၀၁၃ ခုနှစ် ၀၈ နာရီ ၃၀ မိနစ်

သေနတ်ကိုင်သည့် တိုင်းရင်းသားလူငယ်များ ကွန်ပျူတာလက်တော့ပ်များဖြင့် အစားထိုးလုပ်လုပ်ကိုင်ဆောင်စေကာ
နိုင်ငံအတွက်အလုပ်လုပ်နိုင်ကြရန် ဖန်တီးပေးသွားမည်ဟု သမ္မတဦးသိန်းစိန် တက်လာအပြီး တစ်နှစ်ပြည့် မိန့်ခွန်းအား ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်က ပြောသွားသည်ကို အမှတ်ရ မိကြပါလိမ့်မည်။

အလားတူ ၂၀၁၁ ဧပြီ ၃၀ ရက် သမ္မတသက်တမ်း တစ်လပြည့်အချိန် ပြောကြားသည့် မိန့်ခွန်းတွင်လည်း ကောင်းမွန်သည့် အုပ်ချုပ်မှု၊ သန့်ရှင်းသည့် အစိုးရအဖြစ် တာဝန်များထမ်းဆောင်သွားမည်ဟု ပြောဆိုထားခဲ့သေးသည်။

ပြုပြင်ပြောင်းလဲမှုများ၊ နောက်ကြောင်းပြန်လှည့်လိုသူများကို လက်တွဲဖြုတ်မည်ဟု ပြောဆိုမှုမှအစ ဆင်းရဲမွဲတေမှု ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်အောင် ကြိုးပမ်းမည်ဟုပြောဆိုမှု၊ လက်နက်ကိုင် တိုင်းရင်းသားများ အားလုံးနှင့် အပြီးတိုင်ငြိမ်းချမ်းရေးရရှိနိုင်အောင် ကြိုးပမ်းသွားမည်ဟု ပြောဆိုသည့် အဆုံးစသည့် ကတိကဝတ်များ ဦးသိန်းစိန်၏ သမ္မတသက်တမ်း လ ၃၀ အတွင်း တွေ့ရှိရမည်ဖြစ်သည်။ ယခုနှစ်ကုန်တွင် နိုင်ငံရေးအကျဉ်းသား အားလုံး လွှတ်ပေးမည်ဟုလည်း ကတိပေးခဲ့ပြန်သည်။

သက်တမ်း လပေါင်း ၃၀ အတွင်း ကောင်းမွန်သည့်အုပ်ချုပ်မှု၊ သန့်ရှင်းသည့် အစိုးရဖြစ်ပေါ်လာရန် အစိုးရ အဖွဲ့အတွင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့သော်လည်း သမ္မတကသူ၏ အစိုးရအဖွဲ့ဝင်များကို အားမလို အားမရဖြစ်မှုနှင့်အတူ အစိုးရအဖွဲ့ဝင်များ၏ စီမံခန့်ခွဲမှု အားနည်းချက်တို့ကို ထုတ်ဖော်ပြောဆိုခဲ့ပြီး အဂတိ လိုက်စားမှုကြောင့် အစိုးရအဖွဲ့ဝင်အချို့ကို ရာထူးမှအနားပေးခဲ့ရသည်ဟုလည်း ညည်းတွားသည်။ အစိုးရ အဖွဲ့ဝင်များအတွင်း အဂတိလိုက်စားမှုများအတွက် အထပ်ထပ်သတိပေးမှုများ ပြုလုပ်ခဲ့သည်။

သို့သော် ဆက်သွယ်ရေး၊ လျှပ်စစ်မီးအစ တိုင်းရင်းသားလက်နက်ကိုင်များ နှင့်ငြိမ်းချမ်းရေးကိစ္စအဆုံး သမ္မတ၏ ကတိပေးပြောဆိုမှုများသည် အများကြိုက်စေမည်ဖြစ်သော်လည်း တကယ့်လက်တွေ့ကျ အကောင်အထည် ပေါ်လာရေး လုပ်ဆောင်ရန်မှာမူ လပေါင်း ၃၀ သာ ကျန်ရှိတော့သည်။

တိုတောင်းသည့် ကာလအတွင်း လုပ်ဆောင်ရန်ကျန်ရှိနေသေးသည့် အလုပ်ကြွေး၊ ပေးထားသည့် ကတိများတည်ရန် ဆက်လက်အကောင်အထည်ဖော်ရမည့် အစီအမံများ မြောက်မြားစွာ ကျန်ရှိနေသေးသည်။ မည်သို့ပင်ဆိုစေ
ပေးထားသည့် ကတိများတည်နိုင်ရန် သမ္မတသာမက အစိုးရအဖွဲ့ဝင်များအားလုံးတွင် တာဝန်ရှိသည်။